

# ရေပြင်ပေါ်မှ လရောင်

သန်းဆွေ

www.foreverspace.com.mm

www.foreverspace.com.mm

# ရေပြင်ပေါ်မှ လရောင်

သန်းဆွေ

www.foreverspace.com.mm

# ရေပြင်ပေါ်မှ လရောင်

'မောင်' နေမကောင်း၍ အိမ်အပေါ်ထပ်မှ အိပ်ခန်းထဲရှိ အိပ်ရာထဲတွင်သာ လဲလျောင်း၍ နေနေရခိုက် ကျော့က အိမ်ဘေးခြံထဲတွင် သူစိုက်ထားသော ကလောပန်းပင်များ ထိန်ထိန်ဝေအောင် ပွင့်နေသည်ကို 'မောင်' အိပ်နေလျက်နှင့်ပင် မြင်စေလိုသောအကြံဖြင့် ကျော့ အလှပြင်သောအခါ၌ နောက်မှန်အဖြစ် အသုံးပြုသော လက်ကိုင်တပ်ထားသည့်မှန်ကို ပေးကာ မှန်ထဲတွင် ထင်ဟပ်လာသော အရိပ်များကို ကြည့်စေရာမှ နာတာရှည်ရောဂါသည် မောင်၏ ဘဝသည် တစ်ဖုံဆန်း၍ တစ်ခန်း သစ်ခဲ့လေတော့သည်။

ဤလက်ကိုင်တပ်မှန်ကလေးသည် ကျော့နှင့်မောင်တို့ မင်္ဂလာဆောင်စဉ်က လက်ဖွဲ့ပစ္စည်းအဖြစ်ရထားသော မင်္ဂလာခန်းဝင်ပစ္စည်း တစ်ခု ဖြစ်၏။

www.foreverspace.com.mm



မောင်နှင့် လက်ထပ်ပြီးစ နောက်တစ်နေ့တွင် ရေချိုးပြီးနောက် ထမီရင်လျားဖြင့် သနပ်ခါးလိမ်းခဲ့ရာမှ ဂုတ်ပေါ်တွင် သနပ်ခါးများ ညီညီညာညာ ရှိမရှိ သိရရန်အတွက် ထိုလက်ကိုင်တပ်မှန်ကလေးကို နောက်မှထားကာ ရှေ့ဘက်ရှိ ကိုယ်တစ်ခြမ်းပေါ်မှန်တွင် ကြည့်မိရာ၌ အမွေးစိမ်းများယှက်ခွေနေသည့် ဂျိုင်းအိုးကို ရှေ့ကမှန်ကြီးထဲတွင် ဘွားကနဲမြင်ရသဖြင့် မိမိဖာသာတစ်ယောက်တည်း အရှက်ကြီး ရှက်ခဲ့ရဘူးလေသည်။

တစ်ခါကလည်း ခေါင်းဖီးပြီးနောက် လည်ဂုတ်ပေါ်မှ ဆံပင်များ သပ်သပ်ယပ်ယပ်ရှိမရှိ ထိုလက်ကိုင်မှန်ကို နောက်တွင်ထားကာ ကြည့်နေခိုက် 'မောင်' ရောက်လာပြီး. . .

"ပင်ပန်းလိုက်တာ ကျော့ရယ် မောင်ကိုင်ပေးပါ့မယ်. . ." ဟု ဆိုကာ ကျော့လက်တွင်းမှ လက်ကိုင်မှန်ကို ဆွဲယူလိုက်ပြီး နောက်ကနေ၍ ဦးခေါင်းနောက်ပိုင်း ပတ်ပတ်လည်ကို မြင်ရအောင် ပြခဲ့လေသည်။

မောင်သည် ယခုမှ နောက်မှန်၏သဘောကို သိလာရဟန်ဖြင့် ဦးခေါင်းနောက်ပိုင်းကိုသာမက ကျောပြင်ကိုပါ မြင်သာအောင် လှည့်ပတ်ပြနေလေသည်။

ထို့နောက်တွင်ကား ကျော့သည် ကိုယ့်ကိုယ်၏ နောက်ပိုင်းကို ကိုယ်ပြန်မြင်နေရသည့်အဖြစ်ကို ရှက်စနိုးရှိလှသဖြင့်လည်းကောင်း၊ နောက်မှန်ကို ကိုင်ထားသောအခါများ၌ မောင်သည် အမှတ်မထင် ရောက်လာကာ ဆွဲယူ၍ ကိုင်ပြတတ်သဖြင့်လည်းကောင်း၊ နောက်မှန်ကို အသုံးမပြုတော့ဘဲ အလှပြင်မှန်တင်ဘီရို၏ အံဆွဲထဲသို့ ထည့်ကာ သိမ်းထားခဲ့လေသည်။

ထိုမှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့လေရာ မောင်နှင့် ကျော့တို့သည် ကျော့၏ဇာတိဖြစ်သော တောင်ခြေမြို့လေးသို့ ပြောင်းလာခဲ့ကြလေသည်။

ကျော့၏ ဇာတိဌာနေ တောင်ခြေမြို့ကလေးဖြစ်ရာ စိမ့်စမ်းထူ၍ ငှက်ဖျားဖျားတတ်လေသည်။ ထို့ကြောင့် မောင်သည် ထိုမြို့သို့ ရောက်ပြီး ခြောက်လခန့်အကြာတွင် ငှက်ဖျားစွဲလေတော့သည်။

မောင်၏မိဘများမှာ မောင်ငယ်စဉ်ကပင် ကွယ်လွန်ခဲ့၏။ မောင့်တွင် အရင်းအခြာဟူ၍ အစ်ကိုတစ်ယောက်သာရှိရာ စစ်ဖြစ်သောအခါ၌ အစ်ကိုကြီး ပြောင်းရွှေ့သွားသောမြို့မှာ ကျော့တို့မြို့နှင့် အလှမ်းကွာလှပေရာ ကျော့မှာ အကြောင်းမကြားသာခဲ့။ မိမိကိုသာ ချစ်ခင်မြတ်နိုးစွာဖြင့် မိမိနောက်သို့ လိုက်လာသူမောင့်အား မိမိကသာလျှင် ပြုစုယုယကြင်နာရပေမည်ဟု ကျော့က ယူဆထားလေသည်။ ကျော့၏ ဆွေမျိုးသားချင်းများကလည်း မောင့်အား သွေးရင်းသားရင်းကဲ့သို့ပင် ပြုစုကြလေသည်။

မောင်သည် ငှက်ဖျား ဖျားသည့်နေ့မှစ၍ သူတို့အတွက် နေရာချထားပေးသော အိမ်အပေါ်ထပ်ရှိ အခန်းထဲတွင်သာ လဲလျောင်းနေခဲ့လေသည်။

ကျော့က သူစိုက်ထားသော ကလောပန်းပင်များ ထိန်ထိန်ဝေအောင် ပွင့်နေသည်ကို အိပ်နေလျက်နှင့်ပင် ကြည့်နိုင်ရန်အတွက် နှစ်ရှည်လများ သိမ်းထားသော လက်ကိုင်မှန်ကလေး ထုတ်ပေးသောနေ့က မောင်သည် တစ်နေ့လုံး ထိုမှန်ဖြင့် ပန်းခြံကို ကြည့်နေခဲ့လေသည်။ ညနေစောင်း၍ အဖျားတက်တော့မှပင် မှန်ကို ဘေးသို့ ချထားလိုက်လေသည်။

ထိုစဉ်က လက်ကိုင်မှန်ကလေးမှာ ခပ်မှိန်မှိန်ဖြစ်နေလေသည်။ မှန်နှင့် သစ်သားဘောင်အကြား နခမ်းသားပေါ်၌ ပေါင်ဒါမှုန်များ၊ သနပ်ခါးမှုန်များကြောင့် ညစ်ထပ်ထပ်ဖြစ်နေလေသည်။ သစ်သားလက်ကိုင်ဆေးရောင်မှာလည်း မပြောင်းလှချေ။

မောင်သည် ထိုလက်ကိုင်မှန်ကို ကျော့လက်သို့ ပြန်မပေးတော့ချေ။ မှန်ထဲရှိ အရိပ်များကို မကြည့်တော့သည့်အခါများ၌ပင် သစ်သား

www.foreverspace.com.mm



လက်ကိုင်နှင့် ဘောင်ကိုလည်းကောင်း၊ မှန်သားကိုလည်းကောင်း၊ ပွတ်သပ်၍ နေတတ်လေသည်။ တစ်ခါတစ်ရံ ကျော့က မောင်၏ဆံပင်ကို အုန်းဆီထည့်၍ ခေါင်းဖီးပေးတတ်၏။ ထိုအခါ၌ မောင်သည် သူ့ဆံပင်ကို လက်ဝါးဖြင့် ပွတ်ကာ ဆီစွန်းနေသောလက်ဖြင့် သစ်သားလက်ကိုင်ကို ပွတ်ပေးလေသည်။ တဖြည်းဖြည်းနှင့် မှန်ချပ်သာလျှင် ပြောင်လက်တောက်ပလာသည် သစ်သားလက်ကိုင်မှာမူ ထူးခြားစွာ တောက်ပ၍ မလာတော့ချေ။

မောင် ကွယ်လွန်ပြီးနောက် ကျော့သည် နောက်ထပ်အိုးအိမ်ထူထောင်ရသောအခါ၌ အလှပြင်မှန်တင်ဘီရိုမှာ ယခင်ဘီရိုပင်ဖြစ်သော်လည်း နောက်ကြည့်လက်ကိုင်မှန်ကား ယခင်ကမှန် မဟုတ်တော့ပြီ။ ယခင်က အသုံးပြုခဲ့သည့် လက်ကိုင်မှန်မှာ မောင်အလောင်းကို မြေမြှုပ်စဉ်က ခေါင်းထဲတွင် ထည့်၍ ပေးခဲ့လေပြီ။ နောက်ကြည့်လက်ကိုင်မှန်သာမက မောင်ခရီးသွားသောအခါများ၌ ကိုင်စွဲလေ့ရှိသော နှစ်ဘက်စလုံးကြည့်၍ရသည့် လေးထောင့်မှန်ချပ်ကလေးကိုပါ ခေါင်းထဲတွင် ထည့်ပေးလိုက်၏။

မောင်နှင့်ကျော့တို့ လက်ထပ်ပြီး မကြာမီအတွင်းမှာပင် စစ်ရိပ်စစ်ငွေ့များ သန်းလာသဖြင့် နှစ်ယောက်သား ခရီးအတူထွက်ရန် စီစဉ်မိသော်လည်း၊ မထွက်ဖြစ်ခဲ့ကြ။ ထို့ကြောင့် မောင်သည် ထိုမှန်ကလေးကို ဟုတ်တိပတ်တိ အသုံးပြုမသွားခဲ့ရချေ။ ထိုအဖြစ်ကို တွေးမိသော ကျော့သည် မောင်ကွယ်လွန်သောအခါ၌ မှန်နှစ်ခုစလုံးကို မောင့်အလောင်းနှင့်အတူ ခေါင်းထဲသို့ ထည့်ပေးလိုက်လေသည်။ ဆွေမျိုးမိတ်သင်္ဂဟများ သိပါက ထိုထိုဤဤ ပြောကြမည်စိုးရိမ်သဖြင့် ကျော့သည် ထိုအကြောင်းကို မည်သူ့ကိုမျှ ပြောမပြချေ။

နောက်ယောက်ျားဖြစ်သူ ကိုကိုနှင့် လက်ထပ်သောအခါ၌ကား

www.foreverspace.com.mm



ကျော့သည် နောက်ထပ်လက်ကိုင်မှန်တစ်ခုကို ဝယ်ခဲ့ပြီးလေပြီ။

ကိုကိုနှင့် လက်ထပ်သည့်နေ့က ကိုကိုသည် ကျော့၏လက်မောင်းရင်းကို ဆုပ်ကိုင်ရင်း. . .

"ကျော့ရဲ့အသားအရေက ကလေးအသားအရေလိုပဲ နုလိုက်တာ. . ." ဟု ပြောလေသည်။

ကိုကို့လေသံမှာ လှောင်ပြောင်သည့်လေသံမျိုး မဟုတ်။ မိန်းကလေး၏အသားအရေလို နူးညံ့ပျိုမြစ်ခြင်းအတွက် ဝမ်းသာနေပုံပေါ်နေလေသည်။ သို့သော် ကျော့မှာ ကိုကို၏စကားကြောင့် ဝမ်းနည်းသွားကာ မျက်လုံးအိမ်၌ မျက်ရည်များပင် ဝိုင်းဝိုင်းလည်၍ လာခဲ့လေသည်။ ဤအဖြစ်ကို ကိုကိုသိလျှင် ကျော့အား အသားအရေသာမက စိတ်ကပါ ကလေးဆန်သည်ဟု ဆိုပေလိမ့်မည်။

ကျော့သည် ထိုသို့ ငိုချင်စိတ်ပေါ်မိသည်မှာ သူ့အား ကိုကိုက ဤစကားပြောသောကြောင့် ပေလော။ သွားလေသူ မောင့်ကို သတိရသောကြောင့် ပေလော။ ခွဲခြား၍ မသိတတ်နိုင်ခဲ့။ ထိုမှတဖန် လက်ရှိ ခင်ပွန်းသည်ကို ကျော်လွန်၍ သွားလေသူအား သတိရနေသည့်အဖြစ်အတွက် ကိုကို့အား စိတ်မကောင်း ဖြစ်လာသဖြင့်. . .

"ဒီလောက်တောင်ပဲလား ကိုကိုရယ်" ဟု အလိုက်သင့် ပြောလိုက်ရလေသည်။

ကျော့သည် ကိုကို ကျေနပ်အောင် စကားပြောလိုက်ရသော်လည်း အမူအရာနှင့် လေသံမှာ ရှက်ကိုးရှက်ကန်း ရှိနေလေသည်။ ကိုကိုကမူ ကျေနပ်နှစ်သိမ့်သောအမူအရာဖြင့် ကျော့အား စိုက်ကြည့်နေရာမှ. . .

"ကျော့ တစ်ခါမှ သားသမီး မရဖူးဘူးနော်" ဟု ပြောပြန်လေသည်။

www.foreverspace.com.mm

ဤစကားမှာ စောစောက စကားလုံးထက်ပင် ကျော့၏အသည်းနှလုံးကို နာကျည်းစေလေသည်။ ဤစကားသည် သွားလေသူမောင်၏ ယောကျ်ားတို့စွမ်းရည်ကို ဖိနှိပ်ချိုးနှိမ်ရာရောက်သည်ဟု ယူဆမိလေသည်။ ဤတွင် မခံချင်စိတ်တွေ ဝင်လာကာ. . .

"ကျော့. . . သားသမီးမရခဲ့ပေမဲ့ မောင့်ကို သားတစ်ယောက်လိုပဲ ပြုစုခဲ့ရပါတယ်" ဟု ပြောမိပြောရာ ပြောချလိုက်လေသည်။

ကိုကိုသည် ကျော့၏စကားကို ဂရုမထားဟန်ဖြင့်

"ဒါထက်. . . ကျော့တို့နေတဲ့မြို့ကလေးကို မီးရထားစီးသွားရင်တော့ တွေ့ဖူးနေတာပဲ။ ဒါပေမဲ့ တစ်ခါမှ မြို့ထဲကို မရောက်ဖူးခဲ့ဘူး။ နေပါဦး မောင်မောင်နဲ့ ဘယ်လိုတွေ့ခဲ့ကြတာလဲ"

"ကျော့က အဲဒီမြို့မှာ ခုနစ်တန်းအောင်တော့ ရန်ကုန်ကို တက်လာပြီး မြို့မကျောင်းမှာ ဆက်နေရာက မောင်နဲ့တွေ့ခဲ့ကြတာပါ"

"ကျော့တို့မြို့ကို မိန်းမချောလေးတွေပေါတဲ့မြို့လို့ ပြောသံကြားဖူးတယ်။ ကျော့ကို မြင်တော့မှ ဒီမြို့ကို မိန်းမချောလေးတွေပေါတဲ့မြို့လို့ ဆိုရိုးရှိခဲ့တာဟာ မလွန်လွန်းဘူးလို့ အောက်မေ့မိတော့တယ်"

ကျော့သည် ရင်ညွန့်ကို လက်ဖြင့် ဖိရင်းက. . .

"ကျော့. . . မချောပါဘူး ကိုကိုရယ်. . . " ဟု ပြောမိလေသည်။

"ကျော့ရဲ့လက်ချောင်းကလေးတွေက သိပ်လှတာပဲ။ အိုလေ. . လက်ချောင်းလေးတွေသာ မဟုတ်ပါဘူး။ ကျော့ရဲ့ကိုယ်လုံးကိုယ်ပေါက်ကလည်း လှပါတယ်။ မျက်နှာကလည်း လှပါတယ်"

"အို. . . ကိုကိုကလဲ သိပ်မြှောက်မနေပါနဲ့"

ကျော့သည် သူ့လက်ချောင်းလေးများကို ငုံ့ကြည့်မိပြီးမှ အမှတ်မထင် လက်ကို နောက်ဘက်သို့ ရုတ်လိုက်လေသည်။

"တကယ်ပြောတာပါ ကျော့ရာ. . . ကျော့ဟာ သားသယ်အမေ

ဖြစ်နေတောင်မှ ကိုကိုယူမှာပါ. . . ကလေးတစ်ယောက်တော့ မွေးချင်ပါသေးတယ်။ ဒါပေမဲ့ အဲဒီကလေးဟာ မိန်းကလေးဆိုရင် ပိုကောင်းမယ်”

ဤစကားမှ ကိုကို၏ ချစ်မေတ္တာအတိုင်းအတာကို ထုတ်ဖော်ပြောဆိုခြင်းဖြစ်သော်လည်း သူတကာပြောနေကျ စကားမျိုးမဟုတ်သဖြင့် ကျော့မှာ အံ့ဩရပြန်လေသည်။ ထိုမှ မိန်းကလေးဖြစ်လျှင် ပိုကောင်းမည်ဆိုခြင်းမှာ သူ့၌ သားယောကျ်ားရှိနေသောကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်ဟုလည်း တွေးမိပြန်လေသည်။ ဤတွင် ရင်ထဲ၌ နာကျင်လာရပြန်လေသည်။ နောက်ဆုံး၌ကား ဘာပဲဖြစ်ဖြစ် သူ ငါ့ကို ချစ်ရှာသားပါကလားဟု စိတ်ကိုဖြေကာ သက်သာရာရစေခဲ့လေသည်။ ကိုကို၏ ချစ်ခင်ကြင်နာမှုများကလည်း အမှန်ပင် သူ့စိတ်ကို သက်သာရာ ရစေခဲ့လေသည်။

ကိုကိုနှင့်လက်ထပ်ပြီး နောက်တစ်နေ့တွင် လျှော့ပြေနေသောသူ၏ ဆံပင်များကို ဖီးရင်းက အမှတ်မထင် လက်ကိုင်မှန်အသစ်ကို ယူ၍ကြည့်မိရာမှ သွားလေသူ မောင်နှင့်အတူ မြေမြှုပ်ခံရရှာသော လက်ကိုင်မှန်ကလေးကို သတိရမိလေသည်။

ထိုမှန်ကလေး၌ ဘဝပေါင်းစုံ၏အရိပ်တို့ ထင်ဟတ်ခဲ့သည်ကိုလည်း သတိရမိလေသည်။ ကျော့သည် မောင့်အား ထိုမှန်ကလေးပေးခဲ့စဉ်က ပန်းခြံထဲမှ ပန်းများကို ကြည့်ရန်သာလျှင် ပေးခဲ့သော်လည်း မောင်သည် ထိုမှန်ကို ခေါင်းအုံးအောက်၌ထားကာ ကျော့အား ပြန်၍မပေးခဲ့ချေ။ ထို့နောက် မိုးကောင်းကင်ကိုလည်းကောင်း၊ တိမ်သားတို့ကိုလည်းကောင်း၊ မိုးရွာသည်ကို လည်းကောင်း၊ ခပ်လှမ်းလှမ်းမှ တောင်စွယ်တောင်ရိပ်ကိုလည်းကောင်း၊ အနီးအနားမှ သစ်ပင် ပန်းမာလ်များကိုလည်းကောင်း ထိုမှန်ဖြင့်ပင် ကြည့်လေသည်။

ထိုမှန်ဖြင့်ပင် မောင်သည် လကိုကြည့်ခဲ့၏။ ပန်းပွင့်များကို ကြည့်

www.foreverspace.com.mm

ခဲ့၏။ ငှက်များ ပျံနေသည်ကို ကြည့်ခဲ့၏။ လမ်းပေါ်၌ ဖြတ်သန်းသွားလာနေသူများကို ကြည့်ခဲ့၏။ ကစားခုန်လွှားလျက်ရှိသော ကလေးများကို ကြည့်ခဲ့၏။

ထိုမှန်၌ ထိုထိုသော ဘဝအထွေထွေကို မြင်နိုင်စွမ်းရှိသည်ကို သိရသောအခါ ကျော့မှာ အံ့သြတွေဝေခဲ့ရလေသည်။ အစကမူ မှန်ဆိုသည်မှာ အလှပြင်ရာ၌ အသုံးပြုသည့်ပစ္စည်း၊ ကိုယ့်လည်ကုတ်နှင့် နောက်ကျောကို ကြည့်ရာ အသုံးပြုသည့်ပစ္စည်းဟုသာ ယူဆခဲ့သော်လည်း ထိုပစ္စည်းမှာ ဂီလာနပုဂ္ဂိုလ်တစ်ဦးအတွက် ဘဝသစ်တစ်ခု ဖန်တီးရာ ဖြစ်နေသည်ကို တွေ့ရချေပြီတကား. . . ။

ကျော့သည် မကြာခဏ မောင့်ဘေးနားတွင် ထိုင်ကာမှန်ထဲတွင် မြင်ရသောအရာများအကြောင်းကို မောင်နှင့်ပြောဆိုခဲ့ကြဖူးလေသည်။ သို့နှင့်ပင် ကြာသော် ကျော့သည် သူ့မျက်စိဖြင့် တိုက်ရိုက်မြင်တွေ့နေရသောလောကနှင့် မှန်ထဲတွင်တွေ့ရသောလောကကို ခွဲခြား၍မရနိုင်တော့ချေ။ ခြားနားသောလောကနှစ်ခုသည် တပေါင်းတစည်းတည်း ဖြစ်လာလေသည်။ မှန်ထဲ၌ ထင်ဟတ်နေသော လောကကိုပင် တကယ့်လောကဟု ထင်မှတ်လာလေတော့သည်။

"ကြည့်စမ်း. . . ကောင်းကင်ဟာ. . . မှန်ထဲမှာ ငွေရောင်တွေ တောက်နေတယ်နော်. . . အမှန်မှာတော့ ကောင်းကင်ဟာ ညို့တို့တို့ မှိုင်းတိုင်းတိုင်းကြီးပါ. . . "

ကျော့သည် မိုးကောင်းကင်ကို တလှည့်၊ မှန်ထဲတွင် ထင်ဟတ်လျက်ရှိသော ကောင်းကင်ကို တလှည့်ကြည့်ရင်း ထိုသို့ပြောခဲ့လေသည်။ ၎င်းပြင်. . .

"ဧကန္တ. . . မောင် ခဏခဏ မှန်ကို တိုက်နေလို့ထင်ပါရဲ့. . "

ဟုလည်း ထပ်ဆင့်ခဲ့လေသည်။

www.foreverspace.com.mm

မောင်သည် မှန်ကို ကြည့်နေရာမှ ပြူတင်းပေါက်ဘက်သို့ လှမ်းမျှော်ကြည့်ကာ. . .

"ဟုတ်ပါရဲ့ ကျော့ရယ်. . . တကယ့်ကောင်းကင်ကတော့ ညှို့မှိုင်းနေတာပဲ။ ဒါပေမဲ့ မိုးသားအရောင်ကို မြင်ကြရာမှာ လူတစ်ယောက်နဲ့ တစ်ယောက်မြင်ရပုံချင်း မတူဘူး ထင်ပါရဲ့ကွယ်။ တချို့ကတော့လည်း ပြာသတဲ့၊ တချို့ကတော့လဲ မှိုင်းသတဲ့၊ တချို့ကတော့လည်း ကြည်သတဲ့။ နောက်ပြီး. . . ခွေးရဲ့မျက်စိမှာ မြင်ရတဲ့ကောင်းကင်နဲ့ စာကလေးရဲ့ မျက်စိမှာမြင်ရတဲ့ကောင်းကင်နဲ့လည်း အရောင်ချင်း တူမယ်မထင်ဘူး။ ဘယ်မျက်စိနဲ့ မြင်ရတဲ့အရောင်သာ ကောင်းကင်ရဲ့တကယ့်အရောင်အမှန်ပဲရယ်လို့ ပြောရခက်သားပဲ. . ."

"ဒါလဲစဉ်းစားစရာပဲ. . . ဒါပေမဲ့ ကျော့တို့ အခုကြည့်နေကြတာက မှန်ထဲကတစ်ဆင့် ကြည့်တဲ့ကောင်းကင်ပဲ။ ဒီတော့ မှန်ထဲမှာထင်နေတဲ့အတိုင်းပဲ မြင်ရမှာပေါ့. . ."

အမှန်ဆိုရလျှင် ကျော့သည် ဤမှန်ချပ်ကို သူတို့၏ချစ်ခြင်းမေတ္တာကို မြင်ရသည့် မျက်စိဟုပင် ခေါ်လိုက်ချင်၏။ မှန်ထဲ၌မြင်ရသော သစ်ပင်များသည် တကယ့်သစ်ပင်များထက် အရောင်ပို၍ စိမ်းလန်း၏။ မှန်ထဲ၌ မြင်ရသော နှင်းပန်းများသည် တကယ့်နှင်းပန်းများထက်ပို၍ ဖြူဖွေးသန့်စင်လှ၏။

"ကျော့ရေ ဒီမှာကြည့်စမ်း. . . မှန်ပေါ်မှာ ကျော့ရဲ့လက်မရာလေးထင်နေတာ ကျော့ရဲ့ညာဘက်လက်မပုံစံလေး. . ."

မောင်က ဤသို့ပြောသောအခါ ကျော့သည် ထိတ်ထိတ်ပြာပြာဖြစ်သွားပြီး သူ့လက်မရာလေးကို ဖျက်ပစ်ရန် လက်ကိုင်ပုဝါကို ဆွဲထုတ်မိလေသည်။

"ထားပါကျော့ရယ်. . . ဒီအတိုင်းပဲထားပါ။ ကျော့ရဲ့လက်ရာ

www.foreverspace.com.mm

လေးဟာ အခုမှထင်နေတာ မဟုတ်ပါဘူး. . . ဟိုတလောက ကျော့စိုက်ထားတဲ့ ကလောပန်းတွေ ပွင့်နေလို့ မှန်ထဲကနေကြည့်ရအောင် ကျော့ပေးကတည်းက အဲဒီလက်ရာထင်နေတာပါ။ ဒါကို ပျက်မသွားအောင် မောင် တမင်သိမ်းထားပါတယ်. . . ”

“ကျော့ဖြင့် သတိမထားမိပါဘူးမောင်ရယ်. . . ”

“ကျော့ကတော့ ဘယ်သတိထားမိပါ့မလဲ. . . အလုပ်များတယ် မဟုတ်လား. . . မောင့်မှာတော့ တခြား ဘာမှ လုပ်စရာရှိတာမှ မဟုတ်ဘဲ၊ ဒီမှန်ပေါ်က ကျော့ရဲ့ လက်မပုံစံကို ကြည့်ရင်း. . . အဲဒီ အရေးအကြောင်းလေးတွေကို သေသေချာချာ မှတ်နေခဲ့ရတယ်. . . စိတ်ဝင်စားစရာတော့ ကောင်းသားပဲ ကျော့ရယ်. . . ”

ကျော့၏မောင်သည် ဂျပန်ခေတ် တစ်ခေတ်လုံး အိပ်ရာ၌သာ လှဲ၍ နေခဲ့၏။ တိုက်ပွဲ၌လည်း မပါခဲ့၊ တော်လှန်ရေးတွင်လည်း မဝင်ခဲ့။ စစ်ဖြစ်၍ ကျော့တို့မြို့ကလေးသို့ ပြောင်းလာပြီး မကြာမီပင် မောင်သည် ငှက်ဖျားရောဂါ စွဲကာ အိပ်ရာ၌ လဲခဲ့လေသည်။

မောင် နေမကောင်းစက ကျော့သည် မောင့်အနားတွင် ကပ်ကာ ပြုစုခဲ့၏။ စာအုပ်များကို ဖတ်၍ ပြခဲ့၏။ သိုးမွေးဆွယ်တာများ ထိုးခဲ့၏။ သို့သော် တစ်လမှ နှစ်လ၊ နှစ်လမှ သုံးလ စသည်ဖြင့် လပေါင်းရှည်ကြာလတ်သော်. . . ကျော့သည် မောင့်အား ပြုစုရသည်ကို ပင်ပန်း၍လာ၏။ မောင်နှင့်ဝေးရာသို့ ပြေးထွက်လိုသောဆန္ဒကြောင့် မဟုတ်သော်လည်း ကျော့သည် တကိုယ်တည်းနေကာ တွေးလိုရာ တွေး၍ ငေးလိုရာသို့ ငေးနေချင်လာ၏။

ဤတွင် ကျော့သည် ခြံထဲသို့ဆင်းကာ သစ်ပင် ပန်းပင်များ၊ စားသောက်ဖွယ်ရာ ဟင်းသီးဟင်းရွက်ပင်များကို ကိုယ်တိုင် စိုက်ပျိုးလေတော့သည်။

www.foreverspace.com.mm

မှတ်မိသေးတော့သည်၊ ကျော့ကိုယ်တိုင် ခြံထဲဆင်း၍ သစ်ပင်ပန်းပင်များ စိုက်သောအချိန်မှာ မိုးဦးကျ ဖြစ်လေသည်။ တစ်နေ့တွင် သူ စိုက်ပျိုးထားသော သစ်ပင် ပန်းပင်ကလေးများ ရွက်နုရွက်ညှောင့်စိမ်းတွေ ဝေနေသည်ကို ကြည့်ရင်း ကျော့တစ်ယောက် ပီတိဖြစ်နေခိုက် မောင်သည် အိမ်ပေါ်မှ လှမ်းအော်၍ ခေါ်လိုက်လေသည်။

ကျော့သည် လက်တွင် ရွှံ့များ ပေနေလျက်ကပင် မောင့်ထံသို့ ပြေးလာခဲ့လေသည်။ အိပ်ခန်းတွင်းသို့ ရောက်သောအခါ မောင်သည် မော၍နေလေသည်။

"ခေါ်လိုက်ရတာ ကျော့ရယ်. . . မောင်ခေါ်တာများ မကြားဘူးလား"

"ဟုတ်လား မောင်. . . ကျော့လည်း ကြားကြားချင်း လာတာပါ။ မောင်ခေါ်နေတာ ကြာပြီလား"

"ကြာပြီ. . . ကြာလှပြီ. . . ခြံထဲမှာ ဘာပင်မှ စိုက်မနေပါနဲ့ ကျော့ရယ်. . . ဒီလိုသာ ကျော့ကို ခေါ်ခေါ်နေရရင် မောင်မြန်မြန်သေတော့မှာပဲ။ နောက်ပြီး ကျော့ဘယ်ရောက်လို့ ဘာတွေလုပ်နေမှန်းလဲ မောင်မသိရဘူး။ ရမ်းသန်းပြီးသာ ခေါ်နေရတာ"

"ကျော့ ခြံထဲမှာပါ. . . ခြံထဲဆင်းတာကို မောင် မကြိုက်ရင်. . . ကျော့ ခြံထဲ မဆင်းတော့ပါဘူး မောင်ရယ်. . ."

ဤတွင် မောင့်မျက်နှာသည် တင်းမာနေရာမှ လျော့သွားပြီး မောင်၏ လေသံမှာလည်း ပျော့သွားလေသည်။

"မှတ်ပါဘူး။ မောင်က မိုးစွေငှက်အော်သံကြားရလို့ပါ။ ကျော့လည်း ကြားသလားလို့ မေးချင်တာနဲ့ ခေါ်ကြည့်တာပါ"

မောင် ပြောလိုသောကိစ္စမှာ ဤအကြောင်းသာလျှင် ဖြစ်၏။ မောင်ပြောမှပင် ကျော့သည် မိုးစွေငှက် အော်သံကို သတိပြုမိလေသည်။

www.foreverspace.com.mm



"ဒီလို လုပ်ပါလားမောင်. . . မောင့်ကို ခေါင်းလောင်းလေးတစ်ခု ရှာထားပေးမယ်။ ကျော့ကို ခေါ်ချင်ရင် အဲဒီခေါင်းလောင်းလေး တီးလိုက်ပေါ့"

"မတော်ပါဘူး ကျော့ရယ်. . . ခေတ်ဆိုး ခေတ်ပျက်ကြီးမှာ လူတွေအလိုလိုမှ လန့်နေရတဲ့ကြားထဲ"

ထို့နောက်တွင်ကား မောင်သည် ကျော့အား ခြံထဲသို့ ဆင်းမြဲဆင်းကား အလုပ်လုပ်စေလေသည်။ ခြံထဲတွင် ရောက်နေသောကျော့ကို မှန်ထဲမှနေ၍ ကြည့်ခဲ့လေသည်။ သည်လိုဆိုပြန်တော့လည်း ကျော့သည် မည်မျှဝေးကွာနေစေကာမူ သူ့အနီးတွင် ရှိနေသည်ဟု ခံစားရလေသည်။ ကျော့သာမက စိမ်းလန်းစိုပြေသော သစ်ပင်ပန်းမလ်များပင်လျှင် အိပ်ယာပေါ်သို့ ရောက်နေသကဲ့သို့ ထင်မှတ်ခဲ့ရလေသည်။ တစ်ခါတစ်ရံ ကျော့သည် သစ်ပင်ပန်းပင်များကို ကိုက်ဖြတ်ဖျက်ဆီးလျက်ရှိသည့် ပိုးကောင်များကို ဖမ်းမိသောအခါ၌ မောင့်ထံသို့ ယူလာကာ ပြတတ်လေသည်။

ထို့ကြောင့် ကျော့သည် မြေကြီးများကို တူးဆွနေသောအခါ၌ မောင်သည် အိပ်ရာထဲမှ မှန်ထောင်၍ ကြည့်ရင်း. . .

"ကျော့ရေ. . . တီကောင်ကြီးက အကြီးကြီးပါလားကွ. . ."ဟု အော်တတ်လေသည်။

အိပ်ခန်းတွင်းသို့ နေရောင် ထိုးဝင်နေသောအခါများ၌ မောင်သည် ခြံထဲရှိကျော့ထံသို့ မှန်ရောင်ပြန်ထိုး၍ ကျီဆယ်တတ်လေသည်။ ဇင်းပြင် မောင်သည် ကျော့ခြံထဲသို့ ဆင်းလျှင် သူတို့လက်ထပ်ပြီးစက ပထမဆုံး ဝယ်ခဲ့သော ရောင်စုံပွင့်ရိုက် ဆတ်တွန့်အင်္ကျီနှင့် ဂျော်ဂျက်ထမီတို့ကို ဝတ်စေသည်။ ထိုအခါတွင် အင်္ကျီနှင့် ထမီတို့မှ ပန်းများနှင့် သစ်ပင်ပန်းမလ်တို့အကြားမှ ဝင်းဝင်းပပဖြစ်နေသော ကျော့၏မျက်နှာမှာ ဘယ်

www.foreverspace.com.mm



ပန်းနှင့်မှ ယှဉ်မရသည့် အလှဆုံးပန်းကြီးဖြစ်နေပေသည်ဟု မောင်က ဆိုခဲ့လေသည်။

သို့လျှင် ကျော့သည် မောင့်အပါးမှ ခွာကာ ပန်းခြံထဲတွင် အလုပ်လုပ်ရင်းက သူ မြင်တွေ့နေရသမျှတို့သည် အစစ်အမှန်ပေလော၊ အရိပ်များပေလော မသိတစ်ချက်၊ သိတစ်ချက်နှင့် အချိန်ကုန်လွန်ခဲ့ရလေသည်။

နောက်ဆုံး၌ အိမ်ထောင်ကျကာစက မှန်ထဲတွင် ကိုယ့်ဂျိုင်းကို ကိုယ်ပြန်မြင်ရ၍ အရှက်ကြီးရှက်ခဲ့မိသော ကျော့သည် မှန်ထဲ၌ သူ့တစ်ကိုယ်လုံး ပြန်မြင်ရစေကာမူ မရှက်တတ်သည့်ဘဝသို့ ရောက်ခဲ့လေသည်။

ကျော့သည် မောင့်အား နှစ်ရှည်လများ ပြုစုခဲ့၏။ မောင်ကွယ်လွန်ပြီးနောက် လပေါင်းများစွာ ငိုကြွေးပူပန်ခဲ့ရ၏။ ထိုမှ. . . ကိုကိုနှင့် လက်ထပ်ရသောအခါ ကျော့သည် စိတ်လွတ် လက်လွတ်ပင် သူ့ကိုယ်ကို အလှပြင်ခဲ့၏။ ဖီးလိမ်းဆင်ယင်ခဲ့၏။ ရှေ့မှန် နောက်မှန် ဘေးမှန်တို့ အကြားတွင် ပြင်ချင်တိုင်း ပြင်ခဲ့၏။

တစ်ခါတွင်မူ ကိုယ်လုံးပေါ်မှန်ရှေ့တွင် ရပ်ကာ မိမိ၏ မိမွေးတိုင်း ဖမွေးတိုင်း ခန္ဓာကိုယ်ကိုပင် ပြန်၍ ကြည့်မိ၏။ ထိုအခါ၌ သူ့ခန္ဓာကိုယ်နှင့် အသားအရည်သည် ကိုကိုပြောသည့်အတိုင်း လှပါပေသည်တကားဟု အောက်မေ့ခဲ့ရလေသည်။ ကျော့ကား မှန်ထဲတွင် ထင်ဟတ်သော သူ့အရိပ်များကို သူပြန်ကြည့်ရန် မရှက်တော့ပြီ။

သို့သော် ဤသို့သော မှန်ထဲ၌ ထင်ဟတ်သော အလှကို ကြည့်တတ်အောင် သင်ကြားပေးခဲ့သူမှာ သွားလေသူ မောင်ပါတကားဟူသော အတွေးမှာမူ ဖျောက်ဖျက်၍ မရနိုင်ခဲ့။ မှန်ထဲ၌ ထင်သောအလှသည် တကယ့်အလှပင် ဖြစ်သည်ကို သူ မငြင်းနိုင်ခဲ့။ သို့သော် မှန်ထဲ၌ ထင်ဟတ်သော သူ့အသားအရည်နှင့် တကယ့်အသားအရည်၊ မှန်ထဲ၌ ထင်

www.foreverspace.com.mm



ဟတ်သော ကောင်းကင်နှင့် တကယ့်ကောင်းကင်တို့၏ ခြားနားချက်ကို ကျော့သည် ရှာ၍မတွေ့နိုင်ခဲ့။ နီးခြင်းနှင့် ဝေးခြင်းသာလျှင် ခြားနားလေသလော မပြောတတ်။

မကြာခဏပင် ကျော့သည် မောင်နေမကောင်းစဉ်က အိပ်ရာထဲမှနေ၍ အပြင်လောကကို မှန်ထောင်၍ ကြည့်သကဲ့သို့ ကြည့်လိုသည့်စိတ်များ ပေါ်ခဲ့၏။ မောင်နှင့်အတူ ကြည့်ခဲ့ကြသည့် သစ်ပင်ပန်းမလ်ရေမြေတောတောင်နှင့် လူတိရစ္ဆာန်တို့ လှုပ်ရှားမှုများကို ကြည့်လို၏။ သို့သော် လက်ရှိ ခင်ပွန်းသည်၏စိတ်ကို အနှောင့်အယှက် ပြုရာရောက်မည် စိုးသဖြင့် မိမိအလိုကို ထိန်းချုပ်ခဲ့ရလေသည်။

နွေဦးပေါက်စ တစ်နေ့နံနက်တွင် အိမ်ဘေးသစ်ပင်မှ ဥသြငှက်အော်သံ ကြားသဖြင့် ကျော့သည် မောင်နှင့်အတူ နေခဲ့ရသော တောင်ခြေမြို့ကလေးကို သတိရမိလေ၏။

ဤတွင် ကိုကိုအလုပ်သို့ ဆင်းသွားကာ လင်ပါသားလေးကျောင်းသို့ သွားကြသည်နှင့် တပြိုင်နက် လက်ကိုင် မှန်ကလေးကို ထုတ်ကာ ကောင်းကင်နှင့် သစ်ပင်များကို ကြည့်မိလေ၏။ ထို့နောက် မှန်ထဲတွင် ထင်နေသော သူ့မျက်နှာကို ကြည့်မိလေသည်။ မှန်ထဲတွင် ထင်နေသော သူ့မျက်နှာကို ကြည့်ရင်းက ကျော့သည် မည်သူမဆို ကိုယ့်မျက်နှာအစစ်ကို ကိုယ်ပြန်မမြင်ကြရပါတကားဟု တွေးကာ အံ့သြမိလေသည်။ သူတို့သည် ကိုယ့်မျက်နှာ၏ အရိပ်ကိုသာ ကိုယ့်ပြန်မြင်နေကြရပါတကား။ သဘာဝတရားသည် လူတို့အား ကိုယ့်မျက်နှာကို ကိုယ်ပြန်၍ မမြင်ရအောင် အဘယ့်ကြောင့် ဖန်တီးထားပါသနည်း။

"လူတွေဟာ ကိုယ့်မျက်နှာကို ကိုယ်ပြန်မြင်နေရရင် မျက်နှာထားလို့ တတ်တော့မယ်မထင်ဘူး။ အမူအရာလည်း လုပ်လို့ ရတော့မယ်မထင်ဘူး. . ."

www.foreverspace.com.mm

လောကမှာ ကိုယ့်မျက်နှာအစစ်ကို ကိုယ်ပြန်မြင်ရတဲ့ သတ္တဝါဆိုလို့ ပဇင်းနဲ့ နှံကောင်ပဲ ရှိတယ်ထင်ပါရဲ့။

အမှန်တော့လဲ ကိုယ့်မျက်နှာဆိုတာ သူတစ်ပါးကြည့်ဖို့ပါကလား။ ဒီလိုဆိုတော့ မျက်နှာဆိုတာ အချစ်လိုပါပဲကလား။ လူတစ်ယောက်ကို ဘယ်လောက်ချစ်တယ်ဆိုတာမှာ ကိုယ့်အချစ်ကို ကိုယ်ပြန်မမြင်ရဘူး။ သူများကသာ မြင်တတ်တာပဲ။ နောက်ပြီး ကိုယ့်ရဲ့အချစ်ဆိုတာဟာလည်း ကိုယ့်အတွက် မဟုတ်ဘဲ သူတစ်ပါးအတွက်တွေပဲ။

ကျော့သည် အတွေးနယ်ချဲ့နေရာမှ သတိရလာပြီး မှန်ကို မှန်တင်ဘီရိုအံဆွဲထဲသို့ ထည့်ရင်းက မောင့်အကြောင်းကို တွေးမိပြန်လေသည်။

ဤမှန်သည် မောင့်အတွက် တကယ်ပင် အကျိုးပြုခဲ့ပါလေစဟု သူသည် မောင်မသေမီကပင် စဉ်းစားမိခဲ့ဖူး၏။ မောင်သည် မှန်ထဲတွင် ထင်နေသော သူ့မျက်နှာကို ကြည့်ရင်း မကြာခဏ စိတ်ပျက်မိပေလိမ့်မည်။ တစ်နေ့တခြား ဟောက်လာသော မျက်ကွင်းများ ပိန်လာသော ပါးများနှင့် ဝါကျင့်ကျင့် အသားအရည်တို့ကို ကြည့်ကာ စိတ်ပျက်၍ သေချင်စိတ်ပေါက်ခဲ့ပေလိမ့်မည်။

ဤသို့ တွေးမိစဉ်က ကျော့သည် မှန်ကို ပြန်တောင်းခဲ့၏။ သို့သော် မောင်က ပြန်မပေးဘဲ။

"မောင်ယူထားပါရစေ ကျော့ရယ်. . . မောင် မသေခင်အတွင်းမှာ မောင်မြင်ရသမျှ အလှအပတွေကို ကြည်နူးပါရစေ"ဟု တောင်းပန်ခဲ့လေသည်။

သို့လျှင် မောင်သည် သူ့ဘဝကို မှန်ထဲ၌ ထင်သော အရိပ်များနှင့် ကြည်နူးခြင်းဖြင့်သာ ကုန်ဆုံးစေခဲ့လေသည်။ မောင် ကြည်နူးသွားခဲ့ရသော အလှသည် တကယ့်အလှ မဟုတ်။ မောင် သာယာခဲ့ရသော

ဘဝသည် တကယ့်ဘဝ မဟုတ်။

သို့သော် ကျော့၏ လက်ရှိ ခင်ပွန်းသည် ကိုကိုက. . .

"ဒီမှာ ကျော့ရဲ့ တကယ်ခိုင်မာတဲ့အချစ်ကို တကယ်ကြံ့ခိုင်တဲ့ ခန္ဓာကိုယ်ရှိတဲ့ဆီကမှ ရနိုင်တာ" ဟု ပြောသောအခါတွင်မူ ကျော့သည် ခေါင်းခါ၍ ညင်းခဲ့လေသည်။

မောင် ကွယ်လွန်စကမူ ကျော့သည် မောင်နှင့်အတူ နေခဲ့စဉ်က ဆန္ဒရမက်များကို ချုပ်တည်းထိန်းသိမ်း၍ နေခဲ့ရသည့် အဖြစ်များကို တွေးကာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရ၏။ သို့သော် ထိုသို့ ဆန္ဒရမက်များ ချုပ်တည်းထိန်းသိမ်းခဲ့ရသည့်အဖြစ်များကပင်လျှင် ချစ်ခြင်းမေတ္တာ၏ ကြီးမားပြင်းထန်လှသော အမှတ်တရ ဝေဒနာများဖြစ်သည်ကိုလည်း ကောင်း၊ နေ့စဉ်နှင့်အမျှ ချစ်ခြင်းမေတ္တာကိုသာ မဲတင်း၍ နေခဲ့ရသည့် အဖြစ်ကိုလည်းကောင်း တဖြည်းဖြည်းနှင့် နားလည်လာသောအခါ စိတ်မချမ်းသာမှုတို့မှာ သက်သာရာ ရခဲ့လေသည်။

လက်ရှိခင်ပွန်းသည်ကိုကိုမှာမူ မိန်းမတို့၏ အချစ်ကို ပေါ့ပေါ့ တန်တန် သဘောထားသူ ဖြစ်၏။

"ကိုကိုက စိတ်ကောင်း နှလုံးကောင်း ရှိရက်သားနဲ့ အရင်မိန်းမ နဲ့ ဘာလို့ကွဲရတာပါလိမ့်. . . ဟင်. . . "ဟု ကျော့က တစ်ကြိမ် မေးဖူး ၏။ သို့သော် ကိုကိုက ပြန်မဖြေခဲ့။ ကျော့လည်း နောက်ထပ် မမေးတော့ ချေ။

ကျော့နှင့်ကိုကို ညားရသည်မှာ မောင်၏အစ်ကိုကြီး၏ အစီအမံ ဖြစ်၏။ အစ်ကိုကြီးနှင့် ကိုကိုတို့သည် ခင်မင်ရင်းနှီးသောသူများဖြစ်ရာ အစ်ကိုကြီးက ကျော့အား ကိုကိုနှင့် ယူစေချင်သည်။ ထို့ကြောင့် ကိုကိုနှင့် ကျော့တို့အား ရင်းရင်းနှီးနှီး နေစေခဲ့လေသည်။ မောင်ကွယ်လွန်ပြီး ၂- နှစ်ခန့်အကြာတွင် ကျော့နှင့်ကိုကို လက်ထပ်ခဲ့ကြလေသည်။ ကိုကိုက

www.foreverspace.com.mm

www.foreverspace.com.mm



ကျော့ထက် ၁၂-နှစ်ခန့် ကြီးပေသည်။

ကိုကိုနှင့် လက်ထပ်ပြီး၍ ခြောက်လခန့်အကြာတွင် ကျော့၌ ကိုယ်ဝန်ရှိလာလေသည်။ ကိုယ်ဝန်ရှိကြောင်း သိရသောအခါ ကျော့သည် ဆောက်တည်ရာမရအောင် ကြောက်လန့် တုန်လှုပ်ခဲ့လေသည်။ ကိုကို့ကို ဖက်ကာ အားရပါးရ ငိုခဲ့လေသည်။

ထို့နောက် နံနက်တိုင်း အိပ်ရာမှ ထတိုင်း နေမကောင်း ဖြစ်ခဲ့ရလေသည်။ တစ်ယောက်တည်း မှိုင်တွေငေး၍သာ နေချင်သည်။ တစ်ခါတစ်ခါတော့လည်း အော်ဟစ်၍ ငိုပစ်လိုက်ချင်သည်။ တစ်ခါတစ်ရံ မှန်ရှေ့တွင်ရပ်ကာ မှန်ထဲကို စိုက်ကြည့်မိသော်လည်း သူ့အရိပ်ကိုလည်း သူပြန်၍မမြင်ရခဲ့။

အချို့သော ညများ၌ သန်းခေါင်ယံသို့တိုင်အောင် အိပ်မပျော်နိုင်သဖြင့် အိပ်ရာမှထကာ ထိုင်မိ၏။ အိပ်ပျော်နေသော ကိုကို၏ မျက်နှာကို ကြည့်ကာ ဒေါသဖြစ်မိ၏။ ယောကျ်ားတို့၏ ဘဝဟူသည် ဘာမဆိုပေါ့ပေါ့ဆဆ ပါတကားဟု တွေးမိ၏။ သတ်ပစ်ချင်စိတ်များပင် ပေါ်မိ၏။ ကိုယ့်အတွေးကို ကိုယ်ပြန်၍ ကြောက်လန့်လာကာ ကိုကို့ရင်ခွင်သို့ မျက်နှာအပ်၍ ငိုမိလေတော့သည်။

ဤတွင် ကိုကိုသည် အိပ်ရာမှ နိုးလာကာ ကျော့အား ပွတ်သပ်ချော့မော့ရလေသည်။ ကျော့တစ်ကိုယ်လုံးမှာ ချွေးတို့ဖြင့် ရွှဲရွှဲစိုနေလေသည်။

"ကျော့ကလည်း ကလေးလေးကျနေတာပဲကွာ. . . အားတင်းမှပေါ့။ ဒါဟာ ဓမ္မတာပဲဥစ္စာ၊ နောက်ပြီး လူကြီးက ဒီလိုဖြစ်နေရင် အထဲထဲက ကလေးမှာ ဒုက္ခရောက်နေလိမ့်မယ်။ ကလေးကို ဒုက္ခမပေးပါနဲ့ကွယ်"

ထိုမှ ကိုကိုသည် ကျော့အား သားဖွားဆေးရုံသို့ သွား၍ ကိုယ်ဝန်ကို အပ်လေသည်။

www.foreverspace.com.mm


တစ်နေ့တွင် ကျော့က မမွေးမဖွားမီအတွင်း သူ့ဇာတိမြို့ကလေးသို့ ခေတ္တသွားလည်ပါရစေဟု ကိုကို့ထံ တောင်းပန်လေသည်။ ကိုကိုက အလုပ်၌ ခွင့်ယူရာ ရတ်တရက် မရသေးသဖြင့် ကျော့ တစ်ယောက်တည်း အရင်သွားနှင့် စေလေသည်။ ကိုကိုက နောက်မှ လိုက်လာမည်ဟု ဆိုလေသည်။

ဘူတာရုံမှ ရထားထွက်၍ ရန်ကုန်မြို့ကို လွန်လာသည်နှင့် တပြိုင်နက် ကျော့ရင်ထဲ၌ ခံစားနေရသော အော့ချင် အံချင်စိတ်တို့ ပျောက်သွားလေသည်။ သူ့ခန္ဓာကိုယ်၌ ပူးကပ်လျက်ရှိသော အမှောင့်ပယောဂတို့ ထွက်ခွာသွားသကဲ့သို့ ခံစားရလေသည်။

ရန်ကုန်နှင့် ဝေးလာလေလေ ပြပြရေးရေးသာ မြင်ရသော တောင်စွယ် တောင်ရိပ်တို့သည် တစထက်တစ ထင်ရှား၍လာ၏။ သစ်ပင်တောခြေတို့သည်လည်း စိမ်းသည်ထက် စိမ်း၍လာ၏။

ဇာတိမြို့ကလေးသို့ ရောက်သောအခါ ပါးပြင်တွင် စို့ရွဲလျက်ရှိသော မျက်ရည်တို့ကို သုတ်ရင်း မောင်နှင့်အတူ နေခဲ့သော အိမ်ဆီသို့ လျှောက်၍ လာခဲ့၏။ တောင်ခြေနှင့် တောတန်းကို နောက်ခံပြု၍ သစ်ပင်ပန်းပင်များအကြား၌ အိမ်ကြီးသည် မားမားမတ်မတ်ပင် ရပ်တည်လျက်ရှိ၏။ မောင်နှင့် ကျော့တို့ နေခဲ့ရသော အိပ်ခန်းတွင် တစ်စုံတစ်ယောက် နေနေပုံတူ၏။ ရောင်စုံပွင့်ရိုက် ခန်းဆီးစသည် ပြူတင်းဝ၌ လွင့်လျက်ရှိ၏။

ကျော့သည် အိမ်ကြီးကို ရပ်ကြည့်နေရာမှ. . .

"ကျော့ဝမ်းထဲက ကလေးလေးဟာ မောင်နဲ့တူရင် ဘယ်လိုများ နေပါလိမ့်နော်. . ."ဟု တီးတိုး ရေရွတ်မိလေ၏။

ကျော့သည် သူပြောမိသော စကားကြောင့် ရုတ်တရက် ထိတ်လန့်သွားလေ၏။ သို့သော် ကြာရှည် စိတ်ထိခိုက်ခြင်းမရှိဘဲ ချက်ချင်းပင်

ရင်ထဲ၌ ပူဆွေးလာကာ စိတ်သက်သာရာ ရသွားလေတော့သည်။

ယနေ့မှစ၍ ကျော့သည် မှန်၌ ထင်ဟပ်သော အရိပ်များကို ရင်ဆိုင်ရတော့မည် မဟုတ်ဘဲ တကယ့်ဘဝ၊ တကယ့် လောက၊ တကယ့် အတွေ့အထိ တကယ့်ခံစားချက်တို့ကို ရင်ဆိုင်ရပေတော့သည်။

**သန်းဆွေ**

www.foreverspace.com.mm